## Company Profile (Myanmar Citizens Bank Ltd.)

| | | | |
|---|---|---|---|
| ကုမ္ပဏီအမည် | **မြန်မာနိုင်ငံသားများဘဏ်လီမိတက် (MCB)** | | |
| Code | ၀၀၀၀၃ | ISIN code | MM၀၀၀၀၃၀၀၀၀၂ |
| စတင်တည်ထောင်သည့်နေ့ | ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် | စီမံအုပ်ချုပ်သူ | ဦးမြင့်ဝင်း<br>အုပ်ချုပ်မှုဒါရိုက်တာ |
| စာရင်းဝင်ဖြစ်သည့်နေ့ | ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆ရက် | ဘဏ္ဍာရေးနှစ် | ဧပြီလ ၁ မှ မတ်လ ၃၁ ထိ |
| အများပြည်သူသို့ ထုတ်ရောင်းထားသည့် ရှယ်ယာ | ၁၀,၄၀၀,၉၈၆ ရှယ်ယာ (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်) | ထည့်ဝင်ပြီး ရင်းနှီးငွေ | မြန်မာကျပ် ၅၂,၀၀၄.၉၃၀ သန်း (၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်) |
| ဖုန်းနံပါတ် | ၀၁- ၂၄၅၉၃၈ | အီးမေးလိပ်စာ | admin@mcb.com.mm |
| လိပ်စာ | အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | | |
| လုပ်ငန်း | မြန်မာနိုင်ငံသားများဘဏ်လီမိတက်ကို ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံ အထူးကုမ္ပဏီများ အက်ဥပဒေအရ ၁၉၉၁ ခုနှစ်တွင် အများပိုင်ကုမ္ပဏီလီမိတက်အဖြစ် စတင် တည်ထောင်ခဲ့ပြီး ၂-၆-၁၉၉၂ ရက်နေ့မှစ၍ အမှတ် (၃၈၃) မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဘဏ်ဖွင့်လှစ်၍ ဘဏ်လုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ခွင့်ပြုမတည်ငွေရင်းမှာ ကျပ် (၇၅) ဘီလီယံဖြစ်ပြီး ထည့်ဝင်ပြီး မတည်ငွေရင်းမှာ ကျပ် (၅၂) ဘီလီယံ ရှိပါသည်။<br><br>မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှ ဆောင်ရွက်ပေးလျက်ရှိသည့် ပြည်တွင်းဘဏ်လုပ်ငန်းများမှာ-<br>(၁) ငွေစုဘဏ်အပ်ငွေ (Saving Deposit)<br>(၂) စာရင်းရှင်အပ်ငွေ (Current Deposit)<br>(၃) အချိန်ပိုင်းအပ်ငွေ (Time Deposit)<br>(၄) ခေါ်ယူအပ်ငွေ (Call Deposit)<br>(၅) E-payment စနစ်ဖြင့် သွင်းကုန်လိုင်စင်ကြေးပေးသွင်းသည့် ဝန်ဆောင်မှုလုပ်ငန်း<br>(၆) ပြည်တွင်းငွေလွှဲလုပ်ငန်း<br>(၇) Payment Order<br><br>မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှ ဆောင်ရွက်ပေးလျက်ရှိသည့် ချေးငွေလုပ်ငန်းများမှာ-<br>(၁) Immovable Property အားအာမခံရယူ၍ ချေးငွေထုတ်ချေးသည့် Commercial Loan<br>(၂) ကောက်ပဲသီးနှံအား အာမခံရယူ၍ ချေးငွေထုတ်ချေးသည့် Pledge Loan<br>(၃) Trade Guarantee<br>(၄) Bank Guarantee/ Performance Guarantee | | |

| | |
|---|---|
| | မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှ ဆောင်ရွက်ပေးလျှက်ရှိသည့် နိုင်ငံခြားဘဏ်လုပ်ငန်းများမှာ<br>(၁) Export & Import Services (L/C , TT)<br>(၂) International Remittance and International Money Transfer Services (Money Gram, IME, Transfast, Merchantrade)<br>(၃) Guarantee Issuing Service<br>(၄) International Card Business (Visa /Master Card Acquiring, MasterCard Issuing)<br>(၅) Money Changer Service<br>(၆) Foreign Exchange Market<br>(၇) Payment Order<br><br>မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှ ဆောင်ရွက်ပေးလျှက်ရှိသည့် Hire Purchase လုပ်ငန်းများမှာ<br>(၁) လယ်ယာသုံးစက်ပစ္စည်းများအား အငှားဝယ်စနစ်ဖြင့် အရစ်ကျ ရောင်းချခြင်း<br>(၂) မော်တော်ကားများအား အရစ်ကျစနစ်ဖြင့် ရောင်းချခြင်း<br>(၃) ဆန်စက်ပစ္စည်းအမျိုးမျိုးအား HP စနစ်ဖြင့် ရောင်းချခြင်း<br>(၄) ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားများအား အရစ်ကျစနစ်ဖြင့် ရောင်းချခြင်း<br><br>မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှ အောက်ဖော်ပြပါ ဝန်ဆောင်မှုများကို လည်းဆောင်ရွက်ပေးလျှက်ရှိပါသည်-<br>(၁) ၆၆၃ Mobile Money (Mobile payment services)<br>(၂) MPU Card Issuing & JCB, CUP, Acquiring Service<br>(၃) Meter Bill Service |
| ဒါရိုက်တာအဖွဲ့ဝင်များ | ၁။ ဦးတိုးအောင်မြင့် (ဥက္ကဋ္ဌ)<br>၂။ ဦးမြင့်ဝင်း (အုပ်ချုပ်မှုဒါရိုက်တာ)<br>၃။ ဦးစိုးနိုင် (ခ) ဦးကိုကိုကြီး (ဒါရိုက်တာ)<br>၄။ ဦးလှဦး (ဒါရိုက်တာ)<br>၅။ ဦးထွန်းလွင် (ဒါရိုက်တာ)<br>၆။ ဦးအုန်းဆိုင် (ဒါရိုက်တာ)<br>၇။ ဦးအောင်အောင် (ဒါရိုက်တာ)<br>၈။ ဦးမောင်မောင်တင် (ဒါရိုက်တာ)<br>၉။ ဦးဇေယျာသူရမွန် (ဒါရိုက်တာ)<br>၁၀။ ဦးရန်နိုင်ထွန်း (ဒါရိုက်တာ)<br>၁၁။ ဦးဇော်လင်းထွဋ် (သီးခြားလွတ်လပ်သော ဒါရိုက်တာ)<br>၁၂။ ဦးမောင်အောင် (သီးခြားလွတ်လပ်သော ဒါရိုက်တာ) |
| Website | http://www.mcb.com.mm |

<table>
<tr><td>အဓိကငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ</td><td>Myanmar Securities Exchange Centre Co., Ltd</td></tr>
<tr><td>စာရင်းစစ်</td><td>U Hla Tun & Associates Ltd</td></tr>
<tr><td>ကုမ္ပဏီ၏သမိုင်းကြောင်း အကျဉ်းချုပ်</td><td>
မြန်မာနိုင်ငံသားများဘဏ် လီမိတက်ကို မြန်မာနိုင်ငံအထူးကုမ္ပဏီများ အက်ဥပဒေအရ ကုမ္ပဏီများမှတ်ပုံတင်ရုံး၏ ၃၀-၁၀-၁၉၉၁ ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၂၇၄/၁၉၉၁-၉၂) ဖြင့် မှတ်ပုံတင်၍ အများပိုင် ကုမ္ပဏီလီမိတက်အဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ၂၅-၅-၁၉၉၂ ရက်စွဲပါ လုပ်ငန်းလိုင်စင်အမှတ် မဗဘ/ဂျေ (အိုင်) - ၁ (၅) ၁၉၉၂ ဖြင့် ခွင့်ပြုချက်အရ ၂-၆-၁၉၉၂ ရက်နေ့မှစ၍ အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဘဏ်ဖွင့်လှစ်၍ ဘဏ်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။
၁၉၉၂ ခုနှစ်၊ ဇွန်လ (၂)ရက်နေ့တွင် ခွင့်ပြုမတည်ငွေရင်း ကျပ် (၁) ဘီလီယံ နှင့်စတင်ခဲ့ရာ ယခုအချိန်တွင် ခွင့်ပြုမတည်ငွေရင်းမှာ ကျပ် (၇၅) ဘီလီယံ ရှိပြီး၊ ထည့်ဝင်ပြီး မတည်ငွေရင်းကျပ် (၅၂) ဘီလီယံတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကျပ်(၅.၁၂)ဘီလီယံနှင့် အများ ပြည်သူမှ ကျပ်(၄၆.၈၈) ဘီလီယံဖြစ်ပါသည်။
ယနေ့အထိ ဖွင့်လှစ်ခဲ့သည့် ဘဏ်ခွဲနှင့် ဘဏ်ခွဲငယ်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-
<table>
<tr><th></th><th>ဘဏ်/ဘဏ်ခွဲအမည်</th><th>ဖွင့်လှစ်သည့်နေ့</th></tr>
<tr><td>(က)</td><td>ကျောက်တံတားဘဏ်ခွဲ</td><td>၂-၆-၁၉၉၂</td></tr>
<tr><td>(ခ)</td><td>မန္တလေးဘဏ်ခွဲ</td><td>၆-၆-၁၉၉၆</td></tr>
<tr><td>(ဂ)</td><td>ဘုရင့်နောင်ဘဏ်ခွဲ</td><td>၁၂-၅-၂၀၁၁</td></tr>
<tr><td>(ဃ)</td><td>နေပြည်တော်ဘဏ်ခွဲ</td><td>၂၂-၆-၂၀၁၁</td></tr>
<tr><td>(င)</td><td>မြင်းခြံဘဏ်ခွဲ</td><td>၁၂-၈-၂၀၁၁</td></tr>
<tr><td>(စ)</td><td>မုံရွာဘဏ်ခွဲ</td><td>၁၅-၈-၂၀၁၁</td></tr>
<tr><td>(ဆ)</td><td>မူဆယ်ဘဏ်ခွဲ</td><td>၁၇-၁၀-၂၀၁၁</td></tr>
<tr><td>(ဇ)</td><td>ရေစကြိုဘဏ်ခွဲ</td><td>၁၄-၁၂-၂၀၁၂</td></tr>
<tr><td>(ဈ)</td><td>တန့်ဆည်ဘဏ်ခွဲ</td><td>၂၆-၄-၂၀၁၃</td></tr>
<tr><td>(ည)</td><td>မန္တလေးဘဏ်ခွဲငယ်</td><td>၁၂-၇-၂၀၁၃</td></tr>
<tr><td>(ဋ)</td><td>မုံရွာဘဏ်ခွဲငယ်</td><td>၂၃-၈-၂၀၁၃</td></tr>
<tr><td>(ဌ)</td><td>ဒေါပုံဘဏ်ခွဲငယ်</td><td>၂၀-၁၂-၂၀၁၃</td></tr>
<tr><td>(ဍ)</td><td>လားရှိုးဘဏ်ခွဲ</td><td>၁-၃-၂၀၁၄</td></tr>
<tr><td>(ဎ)</td><td>အောင်လံဘဏ်ခွဲ</td><td>၂၀-၆-၂၀၁၄</td></tr>
<tr><td>(ဏ)</td><td>ဘုရင့်နောင်ဘဏ်ခွဲငယ်</td><td>၂၅-၁၀-၂၀၁၄</td></tr>
<tr><td>(တ)</td><td>ပန်းဘဲတန်းဘဏ်ခွဲငယ်</td><td>၁၇-၁၂-၂၀၁၄</td></tr>
</table>
</td></tr>
</table>

| | | |
|---|---|---|
| (ထ) | ပုဗ္ဗန်တောင်ဘဏ်ခွဲ | ၆-၁၂-၂၀၁၅ |
| (ဒ) | မြောက်ဥက္ကလာပဘဏ်ခွဲ | ၁-၃-၂၀၁၆ |
| (ဓ) | ပြည်ဘဏ်ခွဲ | ၁-၅-၂၀၁၆ |
| (န) | လသာဘဏ်ခွဲ | ၄-၆-၂၀၁၆ |
| (ပ) | စစ်တွေဘဏ်ခွဲ | ၇-၆-၂၀၁၆ |

**၁၇-၈-၂၀၁၂** ရက်နေ့တွင် ဗဟိုဘဏ်မှ နိုင်ငံခြားဘဏ်လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်ခွင့် (Authorized Dealer License) ကိုရရှိခဲ့ပြီး SWIFT (Society for Worldwide Inter Bank Financial Telecommunication) membership ကို ၅-၁-၂၀၁၃ ရက်နေ့တွင် ရရှိခဲ့ပါသည်။ ထို့ပြင် United Oversea Bank (UOB), Oversea Chinese Banking Corporation (OCBC), DBS bank, Commerz Bank, ICBC, May Bank, Kasikorn Bank, Siam Commercial Bank, Krung Thai Bank စသည့် ဘဏ်များနှင့် Correspondent Bank အဖြစ်ငွေစာရင်းများ ဖွင့်လှစ်ခဲ့ပြီး ပြည်ပဘဏ် (၄၇) ဘဏ်နှင့် RMA Relationship ရှိပါသည်။ ယင်း Correpsondent Bank များနှင့် ချိတ်ဆက်၍ ဘဏ်၏ Customer များအား နိုင်ငံခြားငွေဖြင့် စာရင်းရှင် စာရင်းများဖွင့်လှစ်ခြင်း၊ ပို့ကုန်/သွင်းကုန် ငွေလွှဲ လုပ်ငန်းများ၊ ငွေသားထုတ်ပေး ခြင်းလုပ်ငန်းများ၊ Bank Guarantee လုပ်ငန်း များ၊ Account Transfer လုပ်ငန်းများ၊ Foreign Exchange Market လုပ်ငန်းများအား ဆောင်ရွက်ပေးလျှက်ရှိပါသည်။

၂၄-၁၀-၂၀၁၁ ရက်နေ့တွင် Money Changer License ရရှိပြီးနောက် ကျောက်တံတားဘဏ်ခွဲ၊ မူဆယ်ဘဏ်ခွဲ၊ မန္တလေးဘဏ်ခွဲ၊ ဒေါပုံဘဏ်ခွဲ တို့တွင် Money Changer Counter များဖွင့်လှစ်၍ နိုင်ငံခြားငွေရောင်းဝယ်ခြင်း လုပ်ငန်းအား ဆောင်ရွက်လျှက်ရှိပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် Visa, Master Acquiring လုပ်ငန်းကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး MasterCard အမျိုးအစား Citizen Card ကိုလည်းမြန်မာနိုင်ငံသားများဘဏ်မှ ထုတ်ဝေထားပါသည်။

ပြည်ပနိုင်ငံအသီးသီးတွင် သွားရောက်လုပ်ကိုင်လျှက် ရှိသော မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံသို့ ပြည်ပမှငွေလွှဲပို့နိုင်ရန် Money Gram, IME, Transfast, Merchantrade စသည့်ငွေလွှဲ Agency များနှင့် ချိတ်ဆက်၍ လွယ်ကူလျှင်မြန်စွာ ဆောင်ရွက်ပေးလျှက်ရှိပါသည်။

ဘဏ်ခွဲမရှိသော ကျေးလက်ဒေသများအနက် တယ်လီဖုန်းဖြင့် ငွေပေးပို့နိုင်သည့် Mobile Payment (၆၆၃) ဝန်ဆောင်မှုကို ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် ရန်ကုန်စတော့အိပ်ချိန်း၌ စာရင်းဝင်ခဲ့သည်။